ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

**၂၀၁၈ ခုနှစ်** **ခုံကြီးအုပ်စု၊ မြောင်ကြီးကျေးရွာ**

**မာတိကာ**

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)


၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)


၁၁။အစည်းအဝေးမှတ်တမ်းများ

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည်နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ(တည်နေရာ)




မြောင်ကြီးကျေးရွာပြမြေပုံ

**၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း**

ခုံကြီးကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ခုံကြီးကျေးရွာ

၂. လယ်မကျေးရွာ

၃. ချင်းသဖန်းပင်ကျေးရွာ

၄. ညောင်ပင်ကျေးရွာ

၅. လက်ပံကွင်းကျေးရွာ

၆. ဆန်တုန်ကျေးရွာ

၇. ကျော်ငုံ ကျေးရွာ

၈. လက်ပံတိုက် ကျေးရွာ

၉. မြန်မာသဖန်းပင်ကျေးရွာ

၁၀. **မြောင်ကြီး**ကျေးရွာ

၁၁.အလယ်ရွာကျေးရွာ

၁၂.စမ်းချောင်း ကျေးရွာ

၁၃.မကျီးပင်ကွင်းကျေးရွာ

၁၄.တာရိုးကုန်းကျေးရွာ

၁၅. သရက်စမ်းကျေးရွာ

ခုံကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၁၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ မြောင်ကြီး ကျေးရွာအခြေခံအချက်အလက်များ

ရောဂတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ် ခုံကြီးအုပ်စုတွင် မြောင်ကြီးကျေးရွာ တည်ရှိပါသည်။ ကြံခင်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။

မြောင်ကြီးကျေးရွာသည် အုပ်စုတွင်း ကျေးရွာ(၁၅) ရွာဖြင့် ဖွဲ့စည်းထားပါသည်။ မြောင်ကြီး ကျေးရွာ ၏ အဓိက စီပွားရေးမှာ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး ကိုင်း လုပ်ငန်း ကိုလည်း အနည်းငယ် လုပ်ကိုင်ကြသည်။

မြောင်ကြီးကျေးရွာတွင် အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ မူကြိုကျောင်း၊ ဘုန်းကြီး ကျောင်း စေတီစသည်တို့ ရှိပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေး တို့တွင်တက်ကြွစွာ ပါဂင် လုပ်ဆောင်ကြသည်။၂၀၀၆ ခုနှစ် မာလာမုန်တိုင်း ကြောင့် လူနေအိမ်အချို့နှင့် အခြားအရာများ အနည်းငယ် ပျက်စီး ဆုံးရှုံးမှု များ ရှိခဲ့ပါသည်။


မြောင်ကြီးကျေးရွာ စတင်တည်စက အိမ်ခြေအနည်းငယ် သာရှိသော်လည်း ယခုအခါတွင် အိမ်ခြေ ( ၆၃ )အိမ်ခန့် နေထိုင်လျှက်ရှိကြပါသည်။ ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူများ အများစု နေထိုင်ကြသည်။အမျိုးသား(၁၁၈)ဦး၊ အမျိုးသမီး(၁၄၀)ဦး လူဦးရေစုစုပေါင်း(၂၅၈)ဦး ဖြင့်စုပေါင်း နေထိုင်ကြသည်။

# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၂-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၁၈ | ၂၂ | ၄၀ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၂-၉-၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၈ | ၂၂ | ၄၀ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၂-၉-၂၀၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | □□ | □□ | □□ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၂-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | □□ | □□ | □□ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၂-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | ၁၈ | ၂၂ | ၄၀ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၂-၉-၂၀၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၈ | ၂၂ | ၄၀ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၂-၉-၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၈ | ၂၂ | ၄၀ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၂-၉-၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၈ | ၂၂ | ၄၀ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၂-၉-၂၀၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၁၈ | ၂၂ | ၄၀ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)


မြောင်ကြီး ကျေးရွာသည် လယ်များ၊ ကိုင်းများကို မှီခို၍ အသက်မွေး ဝမ်းကျောင်း ပြုကြပါသည်။ဂါးခြံ ၊ ဌက်ပျောခြံစိုက်ပျိုးကြသည်။ အိမ်ခြေ(၆၃)ရှိပြီး (၁၆) အိမ်မှာ လက်လုပ်လက်စားများ နှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ ကျေးရွာတွင် ပညာရေးနှင့် ပတ်သက်၍ အလယ်တန်းကျောင်း မူလတန်းကျောင်းရှိပြီး ပညာရေးဖွံ့ဖြိုးမှု အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

သဘာဂအရင်းအမြစ်များအနေဖြင့် လယ်မြေ၊ ကိုင်းမြေ၊ ချောင်း၊ ဂါးတော၊ များစသည့်သဘာဂအရင်းအမြစ်များကိုအမှီသဟဲပြုကာလုပ်ကိုင်စားသောက်အသက်မွေးဂမ်းကြောင်းမှုပြုကြသည်။

ပထမနှစ်စီမံကိန်းစက်ဝန်းတွင်ရေကန်ဆောက်လုပ်ထားရာသောက်သုံးရေဖူလုံမှုရှိကြောင်းတွေ့ရှိရပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ခ)ရာသီခွင်ပြ ပြက္ခဒိန်**




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

မြောင်ကြီးကျေးရွာတွင် လယ်၊ဝါးခြံနှင့်ကိုင်း လုပ်ကိုင်ကြသော အိမ်ခြေများ လည်းရှိပြီး အိမ်ခြေ အများစုမှာ ကျပန်း လုပ်သားများလည်း ဖြစ်သည်။ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်းစွာ ရွာ၍ လယ်ယာ လုပ်ငန်းများကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။


လယ်၊ ကိုင်းလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ဆောင်ကြပြီး ဝင်ငွေ မှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားလည်း တန်းတူရရှိကြောင်း တွေ့ရှိ ရပါသည်။

ရာသီ အကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး အပူလွန်ကဲသော တပေါင်းလတွင် မျက်စေ့နာ၊ လည်ချောင်းနာရောဂါများ ဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန်ကြသည်။

ပွဲတော်များ အနေဖြင့် သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ဂ)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း



ခုံကြီးအုပ်စု
မြောင်ကြီးကျေးရွာ
ဥစ္စာဓန ကြွယ်ဝမှုပုံစံပြဇယား
ရက်စွဲ - ၃၀ - ၁၂ - ၁၆

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| က | တိုက်ခံပျဉ်ထောင်၊ထွန်စက်၊လယ် ၁၀ ဧက၊ နွား၁ရှဉ်း၊ဆွေပါတီ၊ဆိုင်ကယ်၂စီး၊ဝက် | ၁၂ | ၂၀% |
| ခ | သွပ်မိုးပျဉ်ထောင်၊လယ် ၃ဧက၊နွား၊ ဆိုင်ကယ်၊စက်ဘီး | ၃၀ | ၅၂% |
| ဂ | သက်ကယ်မိုးအိမ်၊စက်ဘီး၊ ဆိုက်ကြက်၊ | ၁၄ | ၂၄% |
| ဃ | သက်ကြီးရွယ်အိုဖြစ်နေထိုင်သူ | ၂ | ၃% |
| ပါဝင်ဆွေးနွေးသူများ - ကျား ၆ / မ - ၈ / ပေါင်း - ၁၄ | စုစုပေါင်း | ၅၈ | ၁၀၀% |

ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

**ဥစ္စာခနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

မြောင်ကြီးကျေးရွာတွင် အိမ်ခြေ(၆၃) အိမ်ခြေရှိသည့် အနက် ချမ်းသာသော အိမ်ခြေ(၁၂)အိမ်၊ အသင့်အတင့် အိမ်ခြေ(၃၈)အိမ်ခြေ၊ မပြေလည်သော အိမ်ခြေ(၁၄)အိမ်ခြေနှင့် နွမ်းပါးသော အိမ်ခြေ (၂) အိမ်ခြေ ရှိပါသည်။

နွမ်းပါးသော အိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

မြောင်ကြီးကျေးရွာသည် စည်းလုံးညီညွတ်မှုကောင်းမွန်လျှင် ပညာရေး၊ လူမှုရေး စီးပွားရေး ပိုမို တိုးတက် ကောင်းမွန်လာနိုင်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ)အဖွဲ့အစည်းချိတ်ဆက်ပြပုံ



**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

မြောင်ကြီးကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။

ဂေါပကအဖွဲ့၊ ပရိတ်သင်း၊ စာသင်ကျောင်းကော်မတီ၊ ကျေးရွာမီးသတ်၊ ကျေးရွာမီးလင်းရေး အဖွဲ့တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊လူမှုရေးကိစ္စများနှင့် ကလေးသူငယ် စောင့်ရှောက်ရေး တို့ကို လုပ်ဆောင်ရွက်လျက်ရှိသည်။


ကျေးရွာတွင်း အုပ်ချုပ်ရေးအဖွဲ့သည် အုပ်စု၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြု စီမံကိန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်း ကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း၊ စာသင်ကျောင်းကော်မတီ သည် မြို့နယ်ပညာရေးမှူးရုံးနှင့်လည်းကောင်း၊ အသီးသီးချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အားနည်းကြောင်း သုံးသပ်မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) ပင့်ကူအိမ်သုံးသပ်ခြင်း



ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

## ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်မခံပဲ အခြားကဏ္ဍများတွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။


အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြားဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီး များသီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)




အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ



အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည်။အပ်ချုပ်စက်ကိုသာအမျိုးသမီးများ အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွားများကိုသာ အမျိုးသားများ သီးသန့်အသုံးပြုကြသည်။လယ်၊ဝက်၊ ကိုင်း စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံး အသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြု သော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။အရင်းအမြစ်များထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များချရာတွင်အများအားဖြင့်အမျိုးသာများကသာထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။ အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက် ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိရမည်ဟုသိရှိပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ(ကျား+မ)




အခက်အခဲပြဿနာများ


**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသားများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက ဖြစ်သော အခက်အခဲ ပြဿနာများ ကိုတင်ပြရာ -ဝင်ငွေထွက်ငွေမမျှခြင်း၊ ပုံမှန်ရှိသောဝင်ငွေမရှိခြင်း၊ လယ်ယာမြေနည်းပါးခြင်း၊ ငွေကြေးခက်ခဲခြင်း စသည်တို့ဖြစ်ပါသည်။

အမျိုးသမီးများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက ဖြစ်သော အခက်အခဲ ပြဿနာများကို တင်ပြရာ -အလုပ်အကိုင်ပုံမှန်မရှိခြင်း၊ လယ်ယာမြေနည်းပါးခြင်း၊ ငွေကြေးမပြည့်စုံ၊ စည်းလုံး ညီညွတ်မှု အားနည်းခြင်း စသည်တို့ဖြစ်ပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ(ကျား+မ)




မျှော်မှန်းချက်များ ပြပုံ


**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

အမျိုးသား၊ အမျိုးသမီး အုပ်စုများ၏ တူညီသော မျှော်မှန်းချက်များမှာ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊ စာကြည့်တိုက်ရှိရန်၊ အားကစားကွင်းရှိရန်၊ အထက်တန်းကျောင်း၊ ဆေးပေးခန်း၊ ကျေးလက်စျေး၊ စည်းလုံးညီညွတ်သော စံပြကျေးရွာလေးဖြစ်ချင်သည် စသည်တို့ ဖြစ်ပါသည်။

အထက်ပါ မျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက်များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၅)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ(ကျား+မ)




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

အမျိုးသား၊အမျိုးသမီးအုပ်စုများ၏တူညီသောဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများမှာ

- လျှပ်စစ်မီး၊
- ကွန်ကရစ်လမ်း
- ဆိုလာမီး
- အင်ဂျင်မီး၊ကွန်ကရစ်တိုင် နှင့်မီးကြိုး စသည်တို့ ဖြစ်ပါသည်။


၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်စာရင်း

| စဉ် | အဖွဲ့အမည် | ရာထူး | အမည် |
|---|---|---|---|
| ၁။ | ကျေးရွာဦးဆောင် | ဥက္ကဋ္ဌ | ဦးစိုးတင့် |
| | | ဒုဥက္ကဋ္ဌ | မနော်ရွှေဂင်ကျော် |
| ၂။ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဝင်းနိုင် |
| | | အဖွဲ့ဝင် | ဒေါ်မြွေးအာနည်ကော် |
| | | အဖွဲ့ဝင် | ဦးမိုးကျော်သူ |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင်ဝင်း |
| | | အဖွဲ့ဝင် | ဦးမြင့်အောင်ကြီး |
| | | အဖွဲ့ဝင် | မနော်မွန်သူ |
| ၄။ | လုပ်သားရေးနှင့်မြေပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | မဝင်းဝင်းခင် |
| | | အဖွဲ့ဝင် | ဦးကျော်ဝင်း |
| | | အဖွဲ့ဝင် | ဒေါ်ခင်ခြိမ်းနွဲ့ |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးဝိုင်းလှ ဦး |
| ၆။ | အကြံပြုတိုင်ကြားဖြေရှင်းရေး | အဖွဲ့ဝင် | ဦးခင်မောင်ထွန်း |
| | | အဖွဲ့ဝင် | ဒေါ်သဲစုထိုင် |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဝင်းမြင့် |
| | | အဖွဲ့ဝင် | မချင်းလဲ့မွန် |

ခုံကြီးအုပ်စု မြောပင်ကြီးကျေးရွာ ရက်စွဲ-၃၁.၁၂-၂၀၁၉

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးတင်ဇော် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-773382850 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်ခင်မြင့် |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံကြီး | ကျေးရွာ ဖြောင်ကြီး |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ-- | ၆၃ | ဘာသာ (၁) --ဗုဒ္ဓ---- | ၆၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈ - ၂ | - | - |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | - | - |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ | ၁၁၈ | ၁၄၀ |
| လူမျိုးစု (၂)---------- | - | - |
| လူမျိုးစု (၃)---------- | - | - |
| အိမ်ထောင်ဦးစီး | ၁၅ | ၄၈ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| တသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဝေဒီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| | | | | | | လက်သမား | ☑ | ☐ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | | |
| လယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်လိုင်းသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | မြို့နယ်ကျန်းမာရေးလုပ်သား | ☐ | ☐ | ဝက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုရွေးပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်စင်းလမ်း မြေသားလမ်း လှည်းလမ်း အခြား ချောင်းကျောက်လမ်း.

(င) ကျေးရွာမြို့ပြစီမံချက်
(၁) လူထုပေါ်ပြူစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာမြို့ပြမှ စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ (မရှိပါ circled; handwritten above: ရှိမည်)
(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် — /မသိပါ
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးသွားလာရေး
(၁) ဤကျေးရွာ၏ပင်မှ ၎င်းကျေးရွာအုပ်စုထဲပင်အထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ /မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုထဲအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀မိနစ် သော်လာရီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ——————
မိုးရာသီတွင်ကြာချိန် ၁၅မိနစ် သော်လာရီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ——————

(ဆ) ဝတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ခေါ်ပြပါ [illegible] ၂၀၀၆

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာနီးဝင်းရေးအဖွဲ့

(၂) --------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးတင်ဇော်

လက်မှတ် — နေ့စွဲ ၂၂.၉.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခင်ခင်ရှိုင်

လက်မှတ် — နေ့စွဲ ၂၂.၉.၂၀၁၇

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အိအိခိုင် | | | |
| နေ့စွဲ ၂၂ • ၉ •၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံကြီး | ကျေးရွာ မြောင်ကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂ • ၉ • ၁၇ | ၂၂ • ၉ • ၁၇ | ၁၈ | ၂၂ | ၅၀ ၄၀ | ဗမာ \| ၅၀၄၀ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂ • ၉ • ၁၇ | ၂၂ • ၉ • ၁၇ | ၁၈ | ၂၂ | ၅၀ ၄၀ | ဗမာ \| ၅၀၄၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၅.၁၀.၁၇ | ၂၅.၁၀.၁၇ | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ခင်ရိုင် |
| နေ့စွဲ ၂၂ · ၆ · ၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် - ကြံခင်း — ကျေးရွာအုပ်စု ခုံကြီး — ကျေးရွာ ပြောင်ကြီး |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဝင်ငွေထွက်ငွေမမျှတခြင်း | ၁ | ဝင်ငွေထွက်ငွေမမျှတခြင်း |
| ၂ | မြေရေးရာအခက်အခဲရှိခြင်း | ၂ | အလုပ်အကိုင်နည်းပါးခြင်း |
| ၃ | နည်းပညာအခက်အခဲရှိခြင်း | ၃ | စည်းလုံးညီညွတ်မှုမရှိခြင်း |
| ၄ | စည်းလုံးမှုအခက်အခဲရှိခြင်း | ၄ | နည်းပညာအခက်အခဲရှိခြင်း |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါး | ၅ | မြေရေးရာအခက်အခဲရှိခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| မျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးလင်းရမည်။ | ၁ | လျှပ်စစ်မီးလင်းရမည်။ |
| ၂ | ဆက်သွယ်ရေးလမ်းများကောင်းရမည် | ၂ | အလုပ်အကိုင်ပေါများရမည်။ |
| ၃ | အဆင့်မြင့်အားကစားကွင်းရှိရမည် | ၃ | ကျေးလက်ဈေးရှိချင်သည်။ |
| ၄ | အထက်တန်းကျောင်းရှိရမည်။ | ၄ | စာကြည့်တိုက်ရှိချင်သည်။ |
| ၅ | ကျေးရွာလမ်းတံတားများကောင်းမွန်ရမည်။ | ၅ | ကျေးရွာချင်းဆက်လမ်းတံတားများကောင်းမွန်ရမည်။ |
| ၆ | ဆေးပေးခန်းရှိရမည် | ၆ | စည်းလုံးညီညွတ်သောစံပြကျေးရွာလေးဖြစ်ချင်သည်။ |
| ၇ | စည်းလုံးညီညွတ်သောစံပြကျေးရွာလေးဖြစ်ချင်သည်။ | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီး လင်းရေး | ကျား + မ | – | ၂၅၈ |
| ၂ | ကွန်ကရစ်လမ်း (ရွာတွင်း+ရွာချင်းဆက်) | ကျား + မ | ၁မိုင်း ၁၂၅ | ၂၅၈ |
| ၃ | ဆိုလာမီး | ကျား + မ | ၁မိုင်း ၇၇.၅ | ၂၅၈ |
| ၄ | အင်ဂျင်မီး၊ ကွန်ကရစ်[illegible] မီးကြိုး | ကျား + မ | ၁မိုင်း ၅၀ | ၂၅၈ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| | ချေးလက်ချေး | မ | ချေးလက်ချေးအသင်းဖွံ့ဖြိုးတိုးတက်ရေး၊ |
| ၂ | အထက်တန်းကျောင်း | ကျား | ပညာရေးဌာန |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဦးစိုးတင့် ---------- လက်မှတ် ---------------------- နေ့စွဲ ---- ၂၂.၉.၂၀၁၇ ----

ဒေါ်အိရွှေဇင်ကျော်

**<u>အစည်းအဝေးမှတ်တမ်း</u>**

ကြံခင်းမြို့နယ် ၊ခုံကြီးအုပ်စု၊မြောင်ကြီးကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

မြောင်ကြီးကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၂.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီး ကျေးရွာ လူထု အား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။ လူမှုဆန်းစစ်ချက်များ ဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများ ကို လည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော်ထုတ် နိုင်ခဲ့ သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့် နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ် ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့် သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိ မိမိကျေးရွာအပေါ်တွင် ထားရှိသော မျှော်မှန်းချက်များကို အမျိုးသား/ အမျိုးသမီး ဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင် လူမှုအကာအကွယ်နှင့် သဘာဝ အကာအကွယ်များကို ရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ ဦးစားပေး လုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

*******************************************

# ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ... |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁။ | အဝီချဉ်သီး၊ ကျွဲကောရစ်စိုက်ပျိုး | ၈ / ၆ | - | ဂျူစပုဗဟုညီဖြိုး | |
| | ၂။ | ဆိုလာမီး | ၈ / ၅ | - | " | |
| | ၃။ | ကျွဲကောရစ်ဘာဝ် | ၈ / ၆ | - | " | |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁။ | ကထောက်တန်းကျောင်း | ရွာ | | ပညာရေး | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁။ | လျှပ်စစ်မီး | ၈ / ၆ | | EPC | |
| | ၂။ | ကျေးလက်ဈေး | - / ၈ | | အခြား | |
| | | | | | | |
| | | | | | | |
| | | | | | | |